**Korean Civil Society in Solidarity with Rohingya**

**Korean Transnational Corporation Watch**

**Justice For Myanmar**

# စစ်တပ်စီးပွားရေးလုပ်ငန်းများမှတဆင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ကူညီနေမှုအတွက် POSCO, LOTTE နှင့် အခြားသော တောင်ကိုရီးယားကော်ပိုရေးရှင်း သုံးခုအပေါ် တိုင်ကြားချက်များ

*၂၆၊ နိုဝင်ဘာ၊ ၂၀၂၀၊ ဆိုလ်းမြို့နှင့် ရန်ကုန်မြို့* - မြန်မာစစ်တပ်နှင့် စီးပွားရေးဆက်နွယ်မှုများရှိနေပြီး နိုင်ငံတကာရာဇဝတ်ပြစ်မှုများဖြစ်သည့် လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်ပြစ်မှုများတွင် ပါဝင်ကူညီနေမှုကြောင့် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်း ၅ ခုအပေါ် တောင်ကိုရီးယားညွှန့်ပေါင်း အရပ်ဘက်အဖွဲ့အစည်းနှစ်ဖွဲ့နှင့် မြန်မာ တက်ကြွလှုပ်ရှားသူအဖွဲ့တစ်ဖွဲ့တို့က တိုင်ကြားချက်များ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ တိုင်ကြားချက်များကို တောင်ကိုရီးယား အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ လူ့အခွင့်အရေးနှင့် နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းများနှင့် အခြားသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့ (ကုလသမဂ္ဂ လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ အလုပ်အဖွဲ့)၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ တောင်ကိုရီးယားနိုင်ငံ နိုင်ငံအဆင့် ဆက်သွယ်ရန်အဖွဲ့တို့ထံသို့ ယနေ့တွင် ပေးပို့ခဲ့ပါသည်။

အဆိုပါတိုင်ကြားချက်တွင် တောင်ကိုရီးယားအစိုးရနှင့် တိုင်ကြားခံရသော စီးပွားရေးလုပ်ငန်းများအား မြန်မာ စစ်တပ်နှင့် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်မှုအားလုံးကို ဖြတ်တောက်ခြင်းအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးတာဝန်များကို လေးစားလိုက်နာဖြည့်ဆည်းရေး အတွက်  တွန်းအားပေးရန် တောင်းဆိုထားပါသည်။ တိုင်ကြားခံရသူများတွင် တောင်ကိုရီးယားကော်ပိုရေးရှင်း ၅ ခု ပါဝင်ပါသည်။ POSCO, Pan-Pacific နှင့် Inno Group တို့က မြန်မာစစ်တပ်တပ်ရင်းတပ်ဖွဲ့များနှင့် လက်ရှိစစ်ခေါင်းဆောင်များ၊ ယခင်စစ်ခေါင်းဆောင်များနှင့် စစ်တပ်အဖွဲ့ဝင်များ ပိုင်ဆိုင်သည့် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လိမိတက် (ဦးပိုင်) နှင့်

ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေပါသည်။ POSCO က မြန်မာ့စီးပွားရေးဦးပိုင်နှင့် သံမဏိ ဖက်စပ်လုပ်ငန်း ၂ ခုကို လုပ်ကိုင်ဆောင်ရွက်နေပြီး Pan-Pacific သည် မြန်မာ့စီးပွားရေးဦးပိုင်နှင့် အဝတ်အထည်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကာ မြန်မာ့စီးပွားရေးဦးပိုင် ပိုင်ဆိုင်သည့် စက်မှုဇုန်တစ်ခုတွင် မြေနေရာငှားရမ်းထားပါသည်။ POSCO နှင့် Pan-Pacific ကုမ္ပဏီ နှစ်ခုလုံးသည် ကိုရီးယားစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ ဖြစ်ပါသည်။ Inno Group သည် မြန်မာ့စီးပွားရေးဦးပိုင်နှင့် ဖက်စပ်လုပ်ငန်း ၃ ခုကို လုပ်ကိုင်နေပြီး မြန်မာ့စီးပွားရေးဦးပိုင် ပိုင်ဆိုင်သည့် စက်မှုဇုန်တစ်ခုတွင် မြေနေရာ ငှားရမ်းထားပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က Justice For Myanmar မှ ပေးပို့သော စာရွက်စာတမ်းများကို အသုံးပြုကာ ထုတ်ဝေခဲ့သည့် သုတေသနအစီရင်ခံစာအရ မြန်မာ့စီးပွားရေး ဦးပိုင်၏ အမြတ်ငွေများကို ရိုဟင်ဂျာများအပေါ် ၂၀၁၆-၁၇ လူမျိုးတုန်းသတ်ဖြတ်မှုအတွင်း အဆိုးရွားဆုံးရက်စက်မှုများကို ကျူးလွန်ခဲ့သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်မ ၃၃ နှင့် တပ်မ ၉၉ တို့ အပါအဝင် မြန်မာစစ်တပ်တစ်ခုလုံးသို့ ဖြန့်ဝေပေးပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှုကို အမိန့်ပေး ခိုင်းစေခဲ့ပြီး တိုင်းရင်းသားဒေသများတွင် လက်ရှိဖြစ်ပွားနေစဲ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တို့သည်လည်း မြန်မာ့စီးပွားရေးဦးပိုင်၏ ရှယ်ယာရှင်များ ဖြစ်ကြသည်။

ထို့အပြင် POSCO နှင့် LOTTE ကော်ပိုရေးရှင်း၏ လုပ်ငန်းခွဲဖြစ်သည့် LOTTE ဟိုတယ်နှင့် အပန်းဖြေ ရိပ်သာများလုပ်ငန်းသည် မြန်မာစစ်တပ်ထံမှ ငှားရမ်းထားသည့်မြေနေရာပေါ်တွင် ဟိုတယ်တစ်လုံး ကို တည်ဆောက်ခဲ့ပါသည်။ ဤသို့ဖြင့် ဘီအိုတီ (တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း) သဘောတူညီချက်အရ ယင်းဟိုတယ်လုပ်ငန်းက မြန်မာစစ်တပ်အတွက် ငွေကြေးပံ့ပိုးပေးနေပါသည်။ အဆိုပါဟိုတယ်ကဲ့သို့သော အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်မှုများမှ ဝင်ငွေများသည် မြန်မာစစ်တပ် အတွက် အရပ်ဘက်ထိန်းကွပ်မှုအောက်တွင် မရှိဘဲ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်အတွက် ပံ့ပိုးကူညီပေးနေသည့် ဘတ်ဂျက်ပြင်ပ တိုက်ရိုက်ဝင်ငွေ အရင်းအမြစ်တစ်ခုအဖြစ် ရှိနေပြီး နိုင်ငံတကာ ရာဇဝတ်မှုများအတွက် ငွေကြေးပံ့ပိုးနေသည်။ LOTTE သည်လည်း ကိုရီးယား စတော့အိတ်ချိန်းစာရင်းဝင် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

အများပြည်သူပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် ကိုရီးယား Eximbank က အများစုပိုင်ဆိုင်သည့် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ Daesun Shipbuilding & Engineering Co. Ltd. က မြန်မာ့ရေတပ်ထံ ကမ်းတက်အတွက်ပါ သုံးနိုင်သည့် Landing Platform Dock (LPD)

အမျိုးအစား စစ်သင်္ဘောတစ်စင်း ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လွှဲပြောင်းပေးခဲ့သည်။ အဆိုပါသင်္ဘောသည် မြန်မာ့ရေတပ်တွင် အကြီးဆုံးစစ်သင်္ဘောဖြစ်ပြီး တပ်ဖွဲ့များနှင့် အမြောက်တင်ကားများနှင့် ရဟတ်ယာဉ်များကဲ့သို့သော စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ရေတပ်စွမ်းရည်ကို သိသိသာသာ မြှင့်တင်ပေးသည်။ အဆိုပါလွှဲပြောင်းပေးအပ်မှုသည် စစ်လက်နက်ကုန်သွယ်ရေးသဘောတူစာချုပ်တွင် တောင်ကိုရီးယားနိုင်ငံ လိုက်နာရမည့် ဝတ္တရားများကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။

တိုင်ကြားချက်များကို Korean Civil Society in Solidary with Rohingya, Korean Transnational Corporations Watch နှင့် Justice For Myanmar တို့က ပေးပို့တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ တိုင်ကြားသူ အဖွဲ့အစည်းများ၏ တရားဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာသုံးသပ်ဆန်းစစ်မှုများတွင် တိုင်ကြားခံရသူစီးပွားရေးလုပ်ငန်းများသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများနှင့် OECD ၏ နိုင်ငံများစွာတွင်လုပ်ကိုင်သောစီးပွားရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်များအရ လိုအပ်သည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့လာရသည့်အခါ ချိုးဖောက်မှုများကို ကာကွယ်ရေး၊ လျော့ချရေးနှင့် ပြန်လည်ကုစားပေးရေးတို့ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ဖြင့် ၎င်းတို့၏ နိုင်ငံတကာလူ့အခွင့်အရေး တာဝန်များကို ချိုးဖောက်ပျက်ကွက်နေကြောင်း တွေ့ရှိခဲ့ပါသည်။

Korean Civil Society in Solidarity with Rohingya အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ Kinam Kim က *"သေချာတာကတော့ လူမျိုးတုန်းသတ်ဖြတ်မှုကို ဘယ်အရာကမှ အကြောင်းပြချက်ပေးလို့ မရပါဘူး။ အပြစ်မဲ့ဒေသခံပြည်သူတွေ ခံစားခဲ့ရတဲ့ အမှုတွေမှာ စီးပွားရေးလုပ်ငန်းတွေက "မိမိတို့အနေနဲ့ ဒီနိုင်ငံရဲ့ဥပဒေအတိုင်း ဆောင်ရွက်ခဲ့တာပါ" လို့ ပြောလေ့ ရှိပါတယ်။ အနည်းဆုံးတော့ ယခုအချိန်မှာ တစ်ကြိမ်တစ်ခါလောက်တော့ စီးပွားရေးလုပ်ငန်းတွေ အနေနဲ့ "ဒီလုပ်ရပ်တွေ တော်လောက်ပြီ။ လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သူတွေနဲ့ ဘယ်စီးပွားရေးမှ လုပ်ရန်မရှိ" လို့ ကြေညာနိုင်သင့်ပါပြီ။ အရာရာနောက်မကျသေးခင်မှာ ၎င်းတို့အနေနဲ့ သင့်လျော်တဲ့ အရေးယူဆောင်ရွက်မှုတွေကို မဆိုင်းမတွ လုပ်ဆောင်သင့်ပါပြီ။ ဒီတပတ်ထဲမှာပဲ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး Kim Gunn ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့မြန်မာပြည် သွားရောက်ပြီး စီးပွားရေးလုပ်ငန်းမြှင့်တင်ရေးအတွက်လုပ်ဆောင်နေပါတယ်။ကိုရီးယားစီးပွားရေးများ မြန်မာစစ်တပ်နဲ့ စစ်တပ်ပိုင်လုပ်ငန်းတွေနဲ့ ပတ်သက်ဆက်နွယ်မှုအားလုံး ဖြတ်တောက်မှု သေချာစေရေးအတွက် တောင်ကိုရီးယားအစိုးရကို တောင်းဆိုပါတယ်။ ဒါဟာ*

*နိုင်ငံတကာဥပဒေအရ အားလုံးအတွက် လူ့အခွင့်အရေးများကို လေးစားရန်၊ ကာကွယ်ပေးရန်နဲ့ ဖြည့်ဆည်းပေးရန်အတွက် အစိုးရရဲ့ တာဝန်ရှိမှုတစ်ရပ်လည်း ဖြစ်ပါတယ်”* ဟု ပြောကြားသည်။

Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က
*“လူမျိုးတုန်းသတ်ဖြတ်မှုအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးမှာ တရားရင်ဆိုင်နေရတာ အပါအဝင် စစ်တပ်ရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေအပေါ် တိကျတဲ့သက်သေအထောက်အထားတွေ ရှိနေတာတောင်မှ တောင်ကိုရီးယားစီးပွားရေး လုပ်ငန်းတွေက စီးပွားရေးဆက်နွယ်မှုတွေကတဆင့် မြန်မာစစ်တပ်ကို ငွေကြေးနဲ့ နည်းပညာ အကူ အညီတွေ ဆက်လက်ပေးအပ်နေပါတယ်။ တောင်ကိုရီးယားအစိုးရအနေနဲ့ ၎င်းတို့ရဲ့ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ရှိမှုတွေကို မဖြစ်မနေ ဖြည့်ဆည်းရပါမယ်။ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေမှာ ပါဝင်ကူညီနေတဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ တာဝန်ခံမှုရှိရမှာဖြစ်ပြီး ယနေ့ ပေးပို့ခဲ့တဲ့ တိုင်ကြားစာတွေက ဒီလမ်းကြောင်းအတွက် အရေးပါတဲ့ အဆင့်တွေဖြစ်ပါတယ်။ တောင်ကိုရီးယားအစိုးရအနေနဲ့ မြန်မာစစ်တပ်ကို ပံ့ပိုးကူညီနေတဲ့ ကိုရီးယားစီးပွားရေးလုပ်ငန်းတွေကို တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး၊ မြန်မာစစ်တပ်နဲ့ စစ်တပ်ပိုင်လုပ်ငန်းတွေနဲ့ ဆက်နွယ်မှုအားလုံး ဖြတ်တောက်စေရေး သေချာအောင် လုပ်ဆောင်ပေးဖို့ တောင်းဆိုပါတယ်” ဟု ပြောကြားသည်။*

**အယ်ဒီတာများသို့မှတ်ချက်**

ကုလသမဂ္ဂ လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ အလုပ်အဖွဲ့သို့ တင်သွင်းလွှာအပြည့်အစုံကို ယခုနေရာတွင် ကြည့်ရှုပါ။ (အင်္ဂလိပ်ဘာသာဖြင့်သာ)

OECD ၏ နိုင်ငံအဆင့် ဆက်သွယ်ရန်နေရာ (တောင်ကိုရီးယား) သို့ တိုင်ကြားချက်အပြည့်အစုံကို ယခုနေရာတွင် ကြည့်ရှုပါ။ (ကိုရီးယားဘာသာဖြင့်သာ)

**Korean Civil Society in Solidarity with Rohingya** အဖွဲ့သည် ရိုဟင်ဂျာများ၏ လူ့အခွင့်အရေး အခြေအနေများကို အများပြည်သူသိရှိမှု မြှင့်တင်ရန်နှင့် တောင်ကိုရီးယားနိုင်ငံတွင် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ရေးအတွက် ကမ်ပိန်းလုပ်ရန် ရည်ရွယ်ချက်ဖြင့် အရပ်ဘက်အဖွဲ့အစည်းများ ဖွဲ့စည်းထားသည့် ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။ ပါဝင်သည့်အဖွဲ့များမှာ Asian Dignity Initiative, People’s Solidarity for Participatory Democracy, Korean House for International Solidarity, Jesuit Research Center for Advocacy and Solidarity, JPIC Committee, New Bodhisattva Network, Incorporated

Organization Silcheon Bulgyo နှင့် Korea Committee For Overseas Community Organization တို့ ဖြစ်သည်။

**Korean Transnational Corporation Watch** အဖွဲ့သည် နိုင်ငံတကာကော်ပိုရေးရှင်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်ရန်နှင့် ကျူးလွန်ခံစားရသူများ၏ အခွင့်အရေးများကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့ထားသော အရပ်ဘက်အဖွဲ့အစည်းများ၏ ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ပါဝင်သည့်အဖွဲ့များမှာ Advocates for Public Interest Law, Corporate for All, Committee of Labor at MINBYUN-Lawyers for a Democratic Society, Gonggam Human Rights Law Foundation, Korean Confederation of Trade Unions, Korean House for International Solidarity, Korean Lawyers for Public Interest and Human Rights, Friend of Earth Korea တို့ ဖြစ်သည်။

**Justice For Myanmar** သည်တန်းတူညီမျှမှု မရှိခြင်း၊ အကြမ်းဖက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ ဖြစ်စေသော အကြောင်းတရားများကို ဖော်ထုတ်ခြင်းအားဖြင့် မြန်မာနိုင်ငံ ပြည်သူများအားလုံး၏ဘဝများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်သည်။

နိဂုံး

ပိုမိုသိရှိရန်အတွက် ကျေးဇူးပြု၍ အောက်ပါပုဂ္ဂိုလ်များကို ဆက်သွယ်ပါ။

Kinam Kim, esq. Korean Civil Society in Solidarity with Rohingya: kn.kim@adians.net
မရတနာမောင်, Justice For Myanmar: media@justiceformyanmar.org